**Gender Equality Network**
Building (99), 1st Floor, Room (1 A - D), Lamai Condo,
Myay Nu Street, Sanchaung Township, Yangon, Myanmar.
Email: gen.myanmar@gmail.com
Tel: +95 9421 144 394
www.genmyanmar.org

# ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက် အဖွဲ့ဝင်ဖြစ်ရန် သတ်မှတ်ချက်များ
# နှင့်
# ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက်အဖွဲ့ဝင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

## ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက် အဖွဲ့ဝင် ဖြစ်ရန် သတ်မှတ်ချက်များ

### ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ

ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက်၏ အဖွဲ့ဝင်အဖြစ်ပါဝင်လိုသည့် အဖွဲ့အစည်းများသည် အောက်ပါ အချက်အလက်များနှင့် ပြည့်စုံရန်လိုအပ်ပါသည်။

၁။ မြန်မာနိုင်ငံအတွင်းတွင် ကျား၊ မ ရေးရာ တန်းတူညီမျှရေး လုပ်ငန်းများ သို့မဟုတ် အမျိုးသမီးများ၏ အခွင့်အရေး များအတွက် လှုပ်ရှားနေသော အဖွဲ့အစည်းဖြစ်ရမည်။

၂။ မြန်မာနိုင်ငံအတွင်းတွင် ကျား၊ မ ရေးရာ တန်းတူညီမျှမှု မြှင့်တင်ရေးကို စိတ်ပါဝင်စားမှုရှိရမည်။

၃။ မိမိ၏ အဖွဲ့အစည်းအကြောင်း အကျဉ်းချုပ် နှင့် ဖွဲ့စည်းပုံကို တင်ပြရမည်။

၄။ GEN ၏ မဟာဗျူဟာနှင့် လုပ်ငန်းဆောင်ရွက်ဖွဲ့စည်းပုံကို သိရှိနားလည်ထားရမည်။

၅။ GEN ၏ သတ်မှတ်ထားသော တန်ဖိုးထားမှုများ နှင့် အခြေခံသဘောထားများကို အသိအမှတ်ပြုရမည်။

၆။ GEN ၏ အဖွဲ့ဝင်ဖြစ်လာပါက GEN နှင့် မည်ကဲ့သို့ ပူးပေါင်းလုပ်ဆောင်မည်ကို တင်ပြရမည်။

၇။ GEN ၏ လှုပ်ရှားမှုများတွင် နည်းပညာကျွမ်းကျင်မှုများနှင့် အတွေ့အကြုံများကို မျှဝေပေးရမည်။

၈။ မိမိအဖွဲ့အစည်း၏အကြီးအကဲမှ အဖွဲ့ဝင်အဖြစ်ခွင့်ပြုကြောင်း အသိအမှတ်ပြုလွှာကိုပါ တင်ပြရမည်။

၉။ GEN နှင့် အဓိက ဆက်သွယ်ရမည့် ပုဂ္ဂိုလ်တစ်ဦး နှင့် အဖွဲ့အစည်းအကြီးအကဲ၏ နာမည်၊ ဆက်သွယ်ရမည့် အချက်အလက်များကို ပေးရမည်။ (အကယ်၍ အဆင်ပြေပါက ဆက်သွယ်ရမည့် အခြားပုဂ္ဂိုလ်တစ်ဦး၏ အချက်အလက်များကိုလည်း ပေးရမည်)

၁၀။ GEN အဖွဲ့ဝင်အနေဖြင့် ပါဝင်ရမည့် အခန်းကဏ္ဍနှင့် ဝတ္တရားများကို သိရှိသဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။

၁၁။ GEN တွင် တက်ကြွစွာ ပါဝင်နေသော အဖွဲ့ဝင် အနည်းဆုံးတစ်ဦး (သို့မဟုတ်) တစ်ဖွဲ့မှ ထောက်ခံပေးရမည်။

Mandalay Office
Ngu 2/47, Dahlia St., Between 62 x 63 St.,
Chan Mya Tharsi Tsp, Mandalay

Taung Gyi Office
Room (A1), Building 2, Bogyoke Aungsan St.,
Nyaung Shwe Haw Kone Qtr., Taung Gyi

Hpa An Office
No. (7/126) Man Win Maung St.,
Hpa An Tsp., Kayin State

Myitkyina Office
CD 91, Shatapru, Myitkyina Tsp.,
Kachin State

Gender Equality Network
Building (99), 1st Floor, Room (1 A - D), Lamai Condo,
Myay Nu Street, Sanchaung Township, Yangon, Myanmar.
Email: gen.myanmar@gmail.com
Tel: +95 9421 144 394
www.genmyanmar.org

## ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ

ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက်၏ အဖွဲ့ဝင်အဖြစ် ပါဝင်လိုသည့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများသည် အောက်ပါအချက်အလက်များနှင့် ပြည့်စုံရန်လိုအပ်ပါသည်။

၁။ မြန်မာနိုင်ငံအတွင်းတွင် ကျား၊ မ ရေးရာ တန်းတူညီမျှရေး လုပ်ငန်းများ သို့မဟုတ် အမျိုးသမီးများ၏ အခွင့်အရေးများအတွက် လှုပ်ရှားနေသူဖြစ်ရမည်။

၂။ မြန်မာနိုင်ငံအတွင်းတွင် ကျား၊ မ ရေးရာ တန်းတူညီမျှမှု မြှင့်တင်ရေးကို စိတ်ပါဝင်စားမှုရှိရမည်။

၃။ GEN ၏ မဟာဗျူဟာစီမံကိန်း၊ လှုပ်ရှားမှုများနှင့်ပတ်သက်ဆက်နွယ်သော အတွေ့အကြုံများနှင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများ ရှိရမည်။

၄။ ကိုယ်ရေးအချက်အလက်များကို ပြည့်စုံစွာ တင်ပြရမည်။

၅။ အီးမေးလ်နှင့် ဖုန်းနံပါတ်များ အပါအဝင် ဆက်သွယ်ရမည့် အချက်အလက်များကို တင်ပြရမည်။

၆။ GEN ၏ လက်ရှိအဖွဲ့ဝင်ဖြစ်သော ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူ (အနည်းဆုံး) နှစ်ဦးမှ ထောက်ခံချက် ပေးရမည်။

၇။ လိုအပ်ပါက GEN ၏ လှုပ်ရှားမှုများတွင် ပံ့ပိုးကူညီဆောင်ရွက်ပေးရမည်။

Gender Equality Network
Building (99), 1st Floor, Room (1 A - D), Lamai Condo,
Myay Nu Street, Sanchaung Township, Yangon, Myanmar.
Email: gen.myanmar@gmail.com
Tel: +95 9421 144 394
www.genmyanmar.org

**GEN အဖွဲ့ဝင်များ၏ အခန်းကဏ္ဍနှင့် တာဝန်များ**

အဖွဲ့ဝင်များအားလုံးအနေဖြင့် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်သည်။

၁။ တစ်နှစ် တစ်ခါ ကျင်းပမည့် နှစ်ပတ်လည်အစည်းအဝေးတွင် အဖွဲ့ဝင်များအားလုံး တက်ရောက်ပါဝင်ပေးရမည်။ (မြန်မာနိုင်ငံ ပြင်ပတွင်နေထိုင်သော ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများမှအပ)

၂။ တစ်နှစ်လျှင် လစဉ်အစည်းအဝေး အနည်းဆုံး (၆)ကြိမ် ပါဝင်တက်ရောက်ရမည် ဖြစ်သည်။ အဆိုပါ (၆)ကြိမ်တွင် (၄)ကြိမ်သည် လူကိုယ်တိုင်အနေဖြင့် မဖြစ်မနေ တက်ရောက်ရမည်ဖြစ်ပြီး ကျန် (၂)ကြိမ်အား လူကိုယ်တိုင် မတက်ရောက်နိုင်ပါက အီးမေးလ်ဖြင့်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း အကြောင်းကြားရမည်။ (မြန်မာနိုင်ငံ ပြင်ပတွင်နေထိုင်သော ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများမှ အပ)

၃။ ရန်ကုန်ပြင်ပတွင် အခြေစိုက်သော အဖွဲ့ဝင်များအနေဖြင့် လစဉ်အစည်းအဝေးများကို မတက်ရောက်နိုင်သော်လည်း အီးမေးလ် (သို့မဟုတ်) ဖုန်းဖြင့် ဆက်သွယ်အကြောင်းပြန်ပါက အစည်းအဝေး တက်ရောက်သကဲ့သို့ မှတ်ယူမည် ဖြစ်ပါသည်။

၄။ GEN CU မှ ပေးပို့သော အီးမေးလ်များ၊ ဖိတ်ကြားလွှာများအား လက်ခံရရှိကြောင်း ပုံမှန်အကြောင်းပြန်ရမည်။

၅။ အနည်းဆုံး လုပ်ငန်းအဖွဲ့တစ်ခုတွင် တက်ကြွစွာ ပါဝင်ပေးရမည်။

၆။ လုပ်ငန်းအဖွဲ့များနှင့် GEN CU မှ အကူအညီတောင်းခံပါက အကြံပြုချက်များနှင့် တုံ့ပြန်မှုများကို ပုံမှန်ပံ့ပိုး ကူညီပေးသွားရမည်။

၇။ (၂)နှစ်လျှင် တစ်ကြိမ် အဖွဲ့ဝင်အဖြစ် အသစ်ပြန်လည်လျှောက်ထားရမည်။ GEN CU မှလည်း ထိုသို့အဖွဲ့ဝင်အသစ်အဖြစ် ပြန်လည်လျှောက်ထားနိုင်ရန် ဆက်သွယ်အကြောင်းကြားပါမည်။ သို့မှသာ GEN ၏ အဖွဲ့ဝင်များစာရင်းတွင် မည်သည့်အဖွဲ့ဝင်များသည် အဖွဲ့ဝင်များအဖြစ် စိတ်ပါဝင်စားစွာ ဆက်လက်ပါဝင်လိုသည်ဟု GEN CU အနေဖြင့် မှတ်သားထားနိုင်မည်ဖြစ်ပါသည်။ သို့မဟုတ်ပါက အဖွဲ့ဝင်ဖြစ်မှု သက်တမ်းသည် အလိုအလျောက် ကုန်ဆုံးမည်ဖြစ်ပါသည်။ အသစ်ပြန်လည်လျှောက်ထားခြင်းသည် အဖွဲ့ဝင်အဖြစ် လျှောက်ထားခြင်း၏ လုပ်ထုံးလုပ်နည်းများနှင့် အတူတူပင် ဖြစ်ပါသည်။

၈။ လစဉ်အစည်းအဝေးမှတ်တမ်းများ၊ လစဉ်သတင်းလွှာများ၊ အစီရင်ခံစာအကြမ်းများနှင့် အခြားသတင်း အချက်အလက်များသည် GEN အဖွဲ့ဝင်များကိုသာ ဖြန့်ဝေရန် ကန့်သတ်ထားသောကြောင့် အခြားသို့ မျှဝေလိုပါက GEN ၏ ခွင့်ပြုချက်ကို အရင်ရယူရမည် ဖြစ်ပါသည်။ သတင်းအချက်အလက်များကို GEN ၏ အဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားသူများအကြား ဖြန့်ဝေခြင်း (သို့) ကန့်သတ်ခြင်းများအား ပြုလုပ်နိုင်ခွင့်သည် GEN CU ၏ အခွင့်အရေးသာဖြစ်သည်။

**Gender Equality Network**
Building (99), 1st Floor, Room (1 A - D), Lamai Condo,
Myay Nu Street, Sanchaung Township, Yangon, Myanmar.
Email: gen.myanmar@gmail.com
Tel: +95 9421 144 394
www.genmyanmar.org

၉။ GEN ၏ နာမည်ကို အသုံးပြု၍ အလွဲသုံးစားပြုလုပ်ခြင်း၊ မတော်မလျော်အသုံးချခြင်း (သို့မဟုတ်) ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းများအား အသေအချာ တားမြစ်အပ်ပါသည်။

၁၀။ အဖွဲ့ဝင် အဖွဲ့အစည်းများအနေဖြင့် အဖွဲ့အစည်းထံ ဆက်သွယ်ရမည့် ပုဂ္ဂိုလ်များ၏ အီးမေးလ်များကို ပေးသည့်အခါ ပုဂ္ဂိုလ်ရေးဆိုင်ရာ အီးမေးလ်များ မဟုတ်ဘဲ အဖွဲ့အစည်းမှ ပေးထားသော အီးမေးလ် ဖြစ်ရမည်။

Gender Equality Network
Building (99), 1st Floor, Room (1 A - D), Lamai Condo,
Myay Nu Street, Sanchaung Township, Yangon, Myanmar.
Email: gen.myanmar@gmail.com
Tel: +95 9421 144 394
www.genmyanmar.org

၁၁။ အကယ်၍ အဓိက ဆက်သွယ်ရမည့် ပုဂ္ဂိုလ်များ ပြောင်းလဲသွားပါက GEN CU သို့ ဆက်သွယ် အကြောင်းကြားပေးရမည်။

၁၂။ GEN CU မှအဖွဲ့ဝင်များထံ အခါအားလျော်စွာ လာရောက် တွေ့ဆုံမှုများအား လက်ခံရမည်။

၁၃။ မိမိအဖွဲ့အစည်း၏ ကျား၊ မ ရေးရာနှင့် ဆက်စပ်သော အစီအစဉ်များနှင့် လှုပ်ရှားမှုများကို လစဉ်အစည်းအဝေးများ (သို့) အီးမေးလ်များမှ တဆင့် မျှဝေပေးရမည်။

၁၄။ အကယ်၍ GEN အဖွဲ့ဝင်အဖြစ်မှ ရပ်နားလိုပါက GEN-CU သို့ အဖွဲ့အစည်း၏ တရားဝင်စာ (သို့) အီးမေးလ်ဖြင့် ပေးပို ပေးပို့ရမည်ဖြစ်ပြီး ပညာရပ်ဆိုင်ရာ ပညာရှင်များမှလည်း အဖွဲ့ဝင်အဖြစ်မှ ရပ်နားလိုပါက တရားဝင်စာပေးပို့ကာ ရပ်နားနိုင်ပါသည်။

၁၅။ ပါဝင်မှုနည်းပါသော အဖွဲ့ဝင်များအား GEN CU မှ ဆက်သွယ်၍ လိုအပ်သော အထောက်အပံ့များကို ပံ့ပိုးသွားမည်ဖြစ်ပြီး (၆)လအတွင်း ဆက်သွယ်မှု မရရှိပါက ယင်းအဖွဲ့ဝင်များသည် GEN အဖွဲ့ဝင်အဖြစ်မှ ရပ်နားလိုသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

**အထက်ပါ အချက်များအပြင် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများသည်**

- လိုအပ်ပါက ပညာရပ်ဆိုင်ရာ အကူအညီများ ပံ့ပိုးပေးရမည်။
- GEN ၏ ကွဲပြားခြားနားသော လှုပ်ရှားမှု အစီအစဉ်များတွင် ပံ့ပိုးကူညီ ဆောင်ရွက်ပေးရမည်။
- ပဲ့ကိုင်ကော်မတီ၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ပြင်ပမှ စီစဉ်ကျင်းပအပ်ပါသော အစီအစဉ်များတွင် GEN အနေဖြင့် တက်ရောက်ပေးရမည်။
- သင့်လျော်သည့်နေရာများတွင် အကြံဉာဏ်ပေးခြင်းများ လုပ်ဆောင်ပေးရန်။

Gender Equality Network

Building (99), 1st Floor, Room (1 A - D), Lamai Condo,
Myay Nu Street, Sanchaung Township, Yangon, Myanmar.
Email: gen.myanmar@gmail.com
Tel: +95 9421 144 394
www.genmyanmar.org

**အဖွဲ့ဝင်များအနေဖြင့် မဖြစ်မနေ လုပ်ဆောင်ရမည့် တာဝန်များ**

၁။ အဖွဲ့ဝင်များအနေဖြင့် နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်ရန်။

၂။ လစဉ် အစည်းအဝေးများသို့ တစ်နှစ်လျှင် အနည်းဆုံး (၆)ကြိမ် တက်ရောက်ရန်။ (အသေးစိတ်အား အဖွဲ့ဝင်များ၏ အခန်းကဏ္ဍနှင့် တာဝန်များတွင် ဖော်ပြပြီး ဖြစ်ပါသည်။)

၃။ အနည်းဆုံး လုပ်ငန်းအဖွဲ့တစ်ခုတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန်။

၄။ လုပ်ငန်းအဖွဲ့များနှင့် GEN CU မှ အကူအညီတောင်းခံသော လုပ်ငန်းများကို အကြံပြုချက်များနှင့် တုံ့ပြန်မှုများဖြင့် ပုံမှန် ပံ့ပိုးကူညီပေးသွားရန်။

၅။ GEN CU မှ ပေးပို့သော ဖိတ်ကြားလွှာများအား လက်ခံရရှိကြောင်း အီးမေးလ် ပုံမှန်ပြန်ပို့ပေးရန်။

၆။ မိမိအဖွဲ့အစည်း၏ ကျား၊ မ ရေးရာများနှင့် ဆက်စပ်သော အစီအစဉ်များနှင့် လှုပ်ရှားမှုများကို လစဉ်အစည်းအဝေးများ (သို့) အီးမေးလ်များမှ တဆင့် မျှဝေပေးရန်။

**အဖွဲ့ဝင်များ၏ အဆင့်သတ်မှတ်ချက်များ**

- **တက်ကြွသော အဖွဲ့ဝင်** - နှစ်ပတ်လည် ညီလာခံ အပါအဝင် မဖြစ်မနေ လုပ်ဆောင်ရမည့် တာဝန် (၆)ခုမှ အနည်းဆုံး (၄)ခု ပြည့်မီသော အဖွဲ့ဝင်များအား **တက်ကြွသောအဆင့်** အဖွဲ့ဝင်များအဖြစ် သတ်မှတ်ပါမည်။
- **အထောက်အကူပြုသော အဖွဲ့ဝင်** - နှစ်ပတ်လည် ညီလာခံ အပါအဝင် မဖြစ်မနေ လုပ်ဆောင်ရမည့် တာဝန် (၆)ခုမှ အနည်းဆုံး (၃)ခု ပြည့်မီသော အဖွဲ့ဝင်များအား **အထောက်အကူပြုသောအဆင့်** အဖွဲ့ဝင်များအဖြစ် သတ်မှတ်ပါမည်။
- **စိတ်ပါဝင်စားသော အဖွဲ့ဝင်** - နှစ်ပတ်လည် ညီလာခံ အပါအဝင် မဖြစ်မနေ လုပ်ဆောင်ရမည့် တာဝန် (၆)ခုမှ အနည်းဆုံး (၂)ခု ပြည့်မီသော အဖွဲ့ဝင်များအား **စိတ်ပါဝင်စားသောအဆင့်** အဖွဲ့ဝင်များအဖြစ် သတ်မှတ်ပါမည်။

Mandalay Office
Taung Gyi Office
Hpa An Office
Myitkyina Office

Gender Equality Network
Building (99), 1st Floor, Room (1 A - D), Lamai Condo,
Myay Nu Street, Sanchaung Township, Yangon, Myanmar.
Email: gen.myanmar@gmail.com
Tel: +95 9421 144 394
www.genmyanmar.org

**GEN ၏ ပွဲကိုင်ကော်မတီ အဖွဲ့ဝင်များ**

- တက်ကြွသောအဆင့် အဖွဲ့ဝင်ဖြစ်သော အဖွဲ့ဝင်များသာ ပွဲကိုင်ကော်မတီ အဖွဲ့ဝင်များအဖြစ် ဝင်ရောက်ရွေးချယ်ခံနိုင်ခြင်းနှင့် မဲပေးခြင်းဖြစ်စဉ်တွင် ပါဝင်နိုင်မည် ဖြစ်ပါသည်။

- ပွဲကိုင်ကော်မဝင် အဆိုပြုပေးပါရန် အီးမေးလ်ဖြင့် တောင်းဆိုသည့်အခါ အီးမေးလ်ထဲတွင် ပါဝင်သည့် ရက်စွဲအတိုင်း ပြန်လည်ပေးပို့အဆိုပြုပေးရမည်။ ပုံမှန်အားဖြင့် အလုပ်လုပ်ရက် (၅)ရက်အတွင်းဟု သတ်မှတ်လေ့ရှိပါသည်။

- အဖွဲ့ဝင်များအနေဖြင့် မိမိကိုယ်ကိုအဆိုပြု ဝင်ရောက်အရွေးချယ်ခံခြင်း (သို့) အခြားတစ်ဦး တစ်ယောက်အတွက် အဆိုပြုပေးနိုင်ပါသည်။

- GEN CU အနေဖြင့် အဆိုပြုခံထားရသူများအား ပါဝင်ရွေးကောက်ခံရန် ဆန္ဒရှိ၊ မရှိကို ဆက်သွယ် မေးမြန်းသွားမည် ဖြစ်ပါသည်။

- အကယ်၍ လက်ခံခဲ့ပါက အဆိုပြုခံရသူက သဘောတူညီကြောင်း ရေးသားပေးပို့ပေးရမည် ဖြစ်သည်။ ဝင်ရောက်အရွေးခံမည့်သူ၏ အချက်အလက်များကို အီးမေးလ်မှ တစ်ဆင့်သော်လည်းကောင်း၊ လစဉ် အစည်းအဝေးမှ တစ်ဆင့်သော်လည်းကောင်း မျှဝေသွားပါမည်။ (ကိုယ်ရေးအချက်အလက်များ၊ အဖွဲ့အစည်း အချက်အလက်များ၊ လုပ်ဆောင်ပေးမည့် အရာများနှင့် GEN အား ပံ့ပိုးကူညီနိုင်မည့် အရာများ)

Gender Equality Network
Building (99), 1st Floor, Room (1 A - D), Lamai Condo,
Myay Nu Street, Sanchaung Township, Yangon, Myanmar.
Email: gen.myanmar@gmail.com
Tel: +95 9421 144 394
www.genmyanmar.org

# သိရှိကြောင်း ကြေညာချက်

ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက် အဖွဲ့ဝင်ဖြစ်သော အဖွဲ့အစည်းများနှင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများအနေဖြင့် အောက်ပါအချက်အလက်များကို သိရှိကြောင်း ကြေညာအပ်ပါသည်။

၁။ ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက် အဖွဲ့ဝင်ဖြစ်ရန် သတ်မှတ်ချက်များ

၂။ ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက် အဖွဲ့ဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃။ ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက်၏ မဟာဗျူဟာစီမံကိန်းနှင့် လုပ်ရှားမှုများ

၄။ ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက် အဖွဲ့ဝင်များ၏ အဆင့်သတ်မှတ်ချက်များ

၅။ ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက်၏ ပဲ့ကိုင်ကော်မတီ အဖွဲ့ဝင် ရွေးချယ်သတ်မှတ်ပုံ

၆။ ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက်၏ အဖွဲ့ဝင်သက်တမ်း - (၂) နှစ်

((၂)နှစ် သက်တမ်းပြည့်ပါက အဖွဲ့ဝင်အဖြစ် ပြန်လည်လျှောက်ထားရန် လိုအပ်ပါသည်။)

ကြေညာသူ

လက်မှတ် :
အမည် :
အဖွဲ့အစည်း :
နေ့စွဲ :